amfori BSCI
Trade with purpose

# amfori BSCI စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်တွင် ပါဝင်နေသည့် စီးပွားရေး မိတ်ဖက်များအတွက် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ စည်းကမ်းချက်များ[1] (ထုတ်လုပ်သူများ)

## I. နိဒါန်း

ဤစာရွက်စာတမ်း၏ ရည်ရွယ်ချက်အတွက်၊ **"ထုတ်လုပ်သူများ"** သည် ကုန်စည်များ (အစားအသောက် သို့မဟုတ် အစားမသောက်မဟုတ်သော) ထုတ်လုပ်သော သို့မဟုတ် ကုန်ကြမ်းထုတ်လုပ်သော amfori BSCI ပါဝင်သူတစ်ဦး၏ ကုန်စည်ထုတ်လုပ်စီးဆင်းမှုပါ စီးပွားရေး မိတ်ဖက်ကို ရည်ညွှန်းပြီး **amfori BSCI ပါဝင်သူ သို့မဟုတ် စီးပွားရေး မိတ်ဖက်၏ ကြိုတင်လေ့လာစုံစမ်းမှု၊** ရလဒ်အနေဖြင့် amfori BSCI စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းခံထားရသူလည်းဖြစ်သည်။

ဤဆုံးဖြတ်ချက်မှာ amfori BSCI ပါဝင်သူထံမှ တိုက်ရိုက် သို့မဟုတ် amfori BSCI ပါဝင်သူ၏ စီးပွားရေး မိတ်ဖက်တစ်ဦးထံမှတစ်ဆင့် သွယ်ဝိုက်၍ လာပါသည်။

amfori BSCI ပါဝင်သူများသည် ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ၎င်းတို့ကိုယ်ပိုင် အဓိပ္ပါယ်သတ်မှတ်ချက်အရ ထုတ်လုပ်သူကို စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ်တွင် အချိန်မရွေး ထည့်သွင်းခွင့်၊ ခြွင်းချန်လုပ်ခွင့်အား သီးသန့်ထားရှိပါသည်။

---

[1] © မူပိုင်ခွင့် 2017 ရှိသူ amfori

ဤအကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ စည်းကမ်းချက်များအား လက်မှတ်ရေးထိုးခြင်းဖြင့် **ထုတ်လုပ်သူများသည်** amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများနှင့် မူဝါဒများကို ထောက်ခံပြီး amfori BSCI ကျင့်ဝတ်လုပ်ထုံးပါ မူဝါဒများကို ၎င်းတို့၏ကိုယ်ပိုင်စက်ရုံများ၌ လေ့လာထားရန် သင့်တော်သော လုပ်ထုံးလုပ်နည်းများပြုလုပ်ဖို့ ကတိပြုအပ်ပါသည်။

ထို့အပြင် တာဝန်သိသောပုံစံဖြင့် ဆောင်ရွက်ကြရန် ၎င်းတို့၏ ထင်ရှားသော စီးပွားရေးမိတ်ဖက်များကိုလည်း တိုက်တွန်းထည့်သွင်းသွားပါမည်။

## II. လူမှုရေး တာဝန်ခံသော စီးပွားရေး လုပ်ငန်းဖြစ်ရန် ကတိပြုမှု

2.1. amfori BSCI ကျင့်ဝတ်လုပ်ထုံးတွင် သတ်မှတ်ဖော်ပြထားသည့် တာဝန်များကို ဆောင်ရွက်ရာတွင် **ထုတ်လုပ်သူများ** သည် amfori BSCI ပါဝင်သူများနှင့် အတူလက်တွဲလုပ်ကိုင်ရမည်ဖြစ်ပြီး amfori BSCI ကျင့်ဝတ်လုပ်ထုံးကျင့်သုံးရာတွင် ၎င်းတို့၏ အစုရှယ်ယာရှင်ထုနှင့် ပွင့်လင်းပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများလုပ်ရန် ကြိုးပမ်းရမည်။

2.2. ထုတ်လုပ်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးအပေါ် ထောက်ခံကြောင်းကို ၎င်းတို့၏ ကုမ္ပဏီအဖွဲ့အစည်းများနှင့် စီးပွားရေး မိတ်ဖက်များမှတဆင့် **တက်ကြွစွာ ပြောဆိုသွားပါမည်။** ထုတ်လုပ်သူများသည် **amfori BSCI ကျင့်ဝတ်လုပ်ထုံး** ကို နယ်ခံဘာသာစကားဖြင့် လူအများ မြင်သာကြည့်ရှုနိုင်သည့် နေရာတွင် ပြသထားရမည်။

2.3. ထုတ်လုပ်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးနှင့် အကောင်အထည်ဖော်မှု စည်းကမ်းချက်များအား **ဖတ်ရှု၍ နားလည်ကြောင်း** အတည်ပြုပြီး ၎င်းနှင့် သက်ဆိုင်သမျှအားလုံးကို ၎င်းတို့၏ ဩဇာနယ်ပယ်အတွင်း အပြည့်အဝလေ့လာထားရေး ဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။

2.4. amfori BSCI ကျင့်ဝတ်လုပ်ထုံးနှင့် ဆက်စပ်သော တာဝန်များဖြည့်ဆီးရန်နှင့် ၎င်း၏အကောင်အထည်ဖော်မှုတွင် အစဉ်အဆက် တိုးတက်မှုရှိရေး သေချာစေရန် ထုတ်လုပ်သူများက **လုပ်ထုံးလုပ်နည်းနှင့် လုံလောက်သော ရင်းမြစ်များ နေရာတကျရှိထားရမည်။**

**2.5.** ထုတ်လုပ်သူများသည် ၎င်းတို့၏ ထင်ရှားသော စီးပွားရေး မိတ်ဖက်များအား amfori BSCI ကျင့်ဝတ်လုပ်ထုံးအား အပြည့်အဝလေ့လာမှုကို လုပ်ဆောင်နိုင်းရန် လိုအပ်ပြီး amfori BSCI ကျင့်ဝတ်ကို ၎င်းတို့ကိုယ်ပိုင် လုပ်ငန်းများအတွက် အကျုံးဝင်စေရန် ၎င်းတို့၏ ဩဇာနယ်ပယ်အတွင်း ကျိုးကြောင်းဆီလျော်သော လုပ်ထုံးများကို လိုအပ်သလို လုပ်ဆောင်ရန်လိုပေသည်။

**2.6.** ထုတလုပ်သူများက **ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများနှင့် မူဝါဒများအား လျစ်လျူရှုခြင်း နှင့်/သို့မဟုတ် အကောင်အထည်ဖော်မှု စည်းကမ်းချက်များ ချိုးဖောက်ခြင်းသည်** amfori BSCI ပါဝင်သူ သို့မဟုတ် သက်ဆိုင်ရာ လုပ်ငန်း မိတ်ဖက်များအဖို့ ၎င်းတို့၏ လုပ်ငန်းဆက်နွယ်မှုများ အဆုံးသတ်ရေးအတွက် လုံလောက်သော စည်းကမ်းဖောက်ဖျက်မှုများ ဖြစ်ကြောင်းကို အသိအမှတ်ပြုပါသည်။ ဤကိစ္စရပ်နှင့်စပ်လျဥ်း၍ မိမိစကားမှန်ကန်ကြောင်း သက်သေပြရန် တာဝန်သည် amfori BSCI ပါဝင်သူများ သို့မဟုတ် စီးပွားရေး မိတ်ဖက်များထံတွင် ရှိစေရမည်။

## III. လူမှုရေး တာဝန်များကို စီးပွားရေး ကုမ္ပဏီ အစဉ်အလာတွင် ထည့်သွင်းကျင့်သုံးခြင်း

**3.1.** ထုတ်လုပ်သူများသည် အလုပ်ခွင်ပြဿနာများနှင့်စပ်လျဥ်း၍ အပြစ်အနာဆာကင်းသည့် အချက်အလက်များဖလှယ်ရာဝယ် **လုပ်သားများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များပါဝင်သည့်** ကောင်းမွန်သော စီမံအုပ်ချုပ်မှုကျင့်သုံးခြင်းများကို ဖွဲ့စည်းတည်ထောင်သင့်ပေသည်။

**3.2.** ထုတ်လုပ်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ မူဝါဒများကို သေချာလေ့လာထားရေးနှင့် အလုပ်သမားများအား သင့်တော်စွာ ကာကွယ်ပေးခြင်းရှိရန် **မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိသင့်ပေသည်။**

**3.3.** ထုတ်လုပ်သူများသည် **အလုပ်သမားများက ၎င်းတို့၏အခွင့်အရေးများနှင့်** တာဝန်များ၊ အထူးသဖြင့် အားနည်းချက်ရှိသော အုပ်စုများ (ဥပမာ ရွှေ့ပြောင်းလုပ်သားများ) ကို သိရှိနိုင်စေရန် သတ်မှတ်ထားသော အဆင့်များကို ဆောင်ရွက်သင့်ပေသည်။

© မူပိုင်ခွင့် amfori 2017

3.4. ထုတ်လုပ်သူများသည် ၎င်းတို့၏ လုပ်ငန်း ကုမ္ပဏီ အစဉ်အလာ ယဉ်ကျေးမှုတွင် amfori BSCI ကျင့်ဝတ်လုပ်ထုံးကို ထည့်သွင်းထောက်ခံရန် အလို့ငှာ စီမံအုပ်ချုပ်သူများနှင့် အလုပ်သမားများကြား **လုံလောက်သော လုပ်ရည်ကိုင်ရည် အရည်အချင်းကိုတည်ဆောက်ပေးသင့်ပါသည်။**

3.5. ထုတ်လုပ်ရေး၊ လူ့စွမ်းအား အရင်းမြစ်စီမံရေးနှင့် အခြားဆက်စပ် ဌာနများသည် (သို့မဟုတ် တစ်ဦးတစ်ယောက်) လုပ်ငန်း ကုမ္ပဏီအစဉ်အလာ ယဉ်ကျေးမှုတွင် တာဝန်သိသော လုပ်ငန်းအဖြစ် ပေါင်းစည်းရာဝယ် ဖြည့်ဆည်းကူညီပေးသည့်လုပ်ထုံးပုံစံအဖြစ် ၎င်းတို့အား **လေ့ကျင့်သင်တန်းပေးရမည်ဖြစ်သလို တိုက်တွန်းလှုံ့ဆော်မှုလည်း** ပြုလုပ်သင့်သည်။

## IV. သူတို့ကိုယ်ပိုင်စက်ရုံများနှင့် ကုန်စည်ထုတ်လုပ်စီးဆင်းမှုအား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်လွှဲပြောင်းပေးခြင်း

4.1. ထုတ်လုပ်သူများသည် amfori BSCI ကျင့်ဝတ်၏ မူဝါဒများအောင်မြင်စွာကျင့်သုံးရန်နှင့် ထိန်းသိမ်းရန် လိုအပ်သော စွမ်းရည်များတည်ဆောက်ရန် **သင်တန်းများတက်ရောက်ပြီး ၎င်းတို့၏ ဝန်ထမ်းများကိုလည်း ပံ့ပိုးပေးရမည်။**

4.2. ထုတ်လုပ်သူများသည် **၎င်းတို့၏ အလုပ်သမား၊ လုပ်သားကိုယ်စားလှယ်များက amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ မူဝါဒများအား လေ့လာရမည့်တာဝန်ရှိကြောင်း ၎င်းတို့နှင့်အတူ ပွင့်လင်းပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုတစ်ရပ်ကို လုပ်ဆောင်ရပေမည်။**

4.3. **ထုတ်လုပ်သူများသည် amfori BSCI ကျင့်ဝတ်လုပ်ထုံးကို လေ့လာရန်နှင့်** ကျွမ်းကျင်မှုများ ပြည့်မီရေး အကူအညီပြုရန်အလို့ငှာ **၎င်းတို့အား အထောက်အပံ့ပေးရာ၌ ထင်ရှားသော စီးပွားရေး မိတ်ဖက်များ၏ စွမ်းရည်နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်ပြီး ပွင့်လင်းသော ဆွေးနွေးမှုများကို ပြုလုပ်သွားပါမည်။**

© မူပိုင်ခွင့် amfori 2017

## V. ၎င်းတို့၏ ကိုယ်ပိုင် စက်ရုံများနှင့် ကုန်စည် ထုတ်လုပ်စီးဆင်းမှုတွင် ကြိုတင် စုံစမ်းလေ့လာမှု

5.1. ထုတ်လုပ်သူများက **ဝိရိယစိုက်၍ ဆောင်ရွက်သွားရန် ကတိပြုထားသည်မှာ** (a) amfori BSCI ကျင့်ဝတ်လုပ်ထုံးပါ စံတန်ဖိုးများ၊ မူဝါဒများနှင့်ဆန့်ကျင်၍ ၎င်းတို့၏ စီးပွားရေးကြောင့်ဖြစ်သည့် အလားအလာရှိသော တန်ပြန်ဆိုးကျိုးများနှင့် အမှန်တကယ် ဆိုးကျိုးများကိုစိစစ်သွားရန်၊ (b) ၎င်းတို့ကိုယ်ပိုင် စက်ရုံနှင့်ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် ဤတန်ပြန်ဆိုးကျိုးများ ဖြစ်ပွားနိုင်သည့် ကြီးမားသော ဘေးအန္တရာယ်များကို ဖော်ထုတ်ရန်နှင့် (c) ထိုဆိုးကျိုးများမဖြစ်ရေး တားဆီးကာကွယ်ရန် ဆောင်ရွက်ခြင်း နှင့်/သို့မဟုတ် amfori BSCI ကျင့်ဝတ်လုပ်ထုံးနှင့်အညီ ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းရန်ဖြစ်သည်။

5.2. ထုတ်လုပ်သူများသည် ၎င်းတို့၏ **ကိုယ်ပိုင် စီးပွားရေးနှင့် လုပ်ငန်း မိတ်ဖက်များ၏** တာဝန်သိ အပြုအမူအကြောင်းနှင့်ဆက်စပ်**၍ ယုံကြည်ရသောအချက်အလက်များ စုဆောင်းပြီး စိစစ်ကာ ဝိရိယရှိရှိဖြင့် ပြုလုပ်ထားသည့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို သိမ်းဆည်းရမည်။** ၎င်းတို့သည် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ မူဝါဒများဖြင့် မည်သည့် ခြားနားချက်မဆိုဖြစ်ရသည့် အကြောင်းရင်းမြစ်နှင့်စပ်လျဉ်း၍ နောက်ထပ် အသေးစိတ်အချက်လက်များ ရှာဖွေပြီး လိုအပ်သည့် တည့်မတ်ထိန်းကျောင်းမှုများ ပြုလုပ်သွားပါမည်။

5.3. ထုတ်လုပ်သူများသည် **၎င်းတို့၏ စီးပွားရေး မိတ်ဖက်များက** amfori BSCI ကျင့်ဝတ်လုပ်ထုံးအား လိုက်နာကျင့်သုံးမှု နှင့်/သို့မဟုတ် စောင့်ထိန်းမှုတွင် ၎င်းတို့၏ တိုးတက်မှုများအပြင် ၎င်းတို့ ပါဝင်ပတ်သက်နေနိုင်သည့် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများ၊ မူဝါဒများနှင့်အညီ တန်ပြန်ဆိုးကျိုးများအား ထိရောက်စွာ တုန့်ပြန်ဖြေရှင်းမှုအကြောင်းကို **ပုံမှန် အစီရင်ခံရန်** လိုအပ်ပေသည်။

5.4. ထုတ်လုပ်သူများသည် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများကြောင့် ဆိုးကျိုးသက်ရောက်ခံရသည့် တစ်ဦးတစ်ယောက်နှင့် (အထူးသဖြင့် ၎င်းတို့၏ လုပ်သားများ) ရပ်ရွာများကို တုန့်ပြန်ရန် ထိရောက်သော **လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အဆင့် နစ်နာချက် လုပ်ထုံးလုပ်နည်း** တွင် တတ်နိုင်သည့် အတိုင်းအတာတစ်ခုအထိ ပူးပေါင်းပါဝင်သင့်ပေသည်။

## VI. အချက်အလက် စီမံခန့်ခွဲခြင်း

6.1. ထုတ်လုပ်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေး အကောင်အထည်ဖော်မှုအစီအမံနှင့် အစဉ်တဆက်တိုးတက်မှုများ အပြင် ၎င်းတို့ ပါဝင်ပတ်သက်နေနိုင်သည့် amfori BSCI ကျင့်ဝတ်လုပ်ထုံး၏ စံတန်ဖိုးများ၊ မူဝါဒများနှင့်အညီ တန်ပြန်ဆိုးကျိုးများအား ထိရောက်စွာ တုန့်ပြန်ဖြေရှင်းမှုအကြောင်းကို **amfori BSCI ပါဝင်သူများထံသို့ တိကျစွာ အစီရင်ခံရပေမည်။**

6.2. ထုတ်လုပ်သူများသည် **ဆိုးကျိုးသက်ရောက်မှုခံရနိုင်သည့် အလားအလာရှိသည့် အစုရှယ်ယာရှင်များ၏ စိုးရိမ်ပူပန်မှုများကို နားလည်ရန်ကြိုးစားရမည်ဖြစ်သလို** ယုံကြည်စိတ်ချရလောက်သော၊ သီးခြားလွတ်လပ်သော အဖွဲ့အစည်းပြင်ပရှိ အထူးကျွမ်းကျင်သူများဖြင့် တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်ရယူသည့် အစုရှယ်ယာရှင်များကိုလည်း နားလည်ရပေမည်။ ယင်းတွင် အစိုးရများ၊ သာမန်အရပ်သားများနှင့် အလုပ်သမား ကိုယ်စားလှယ်များပါဝင်ပြီး ၎င်းတို့၏ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ် ထိရောက်မှုကို စစ်ဆေးအတည်ပြုရန် ဖြစ်သည်။

6.3. ထုတ်လုပ်သူများသည် သူတို့ကိုယ်တိုင် နှင့်/သို့မဟုတ် သူတို့မိတ်ဖက်များ၏ မည်သည့် ညံ့ဖျင်းမှု၊ ပေါ့ဆမှုမဆိုနှင့် amfori BSCI ကျင့်ဝတ်လုပ်ထုံးပါ စံတန်ဖိုးများ၊ မူဝါဒများနှင့်သွေဖည်သော တန်ပြန်ဆိုးကျိုးများဖြစ်စေသည့် လုပ်ရပ်တို့ကိုသတိပြုသိရှိသည့်အခါ **amfori BSCI ပါဝင်သူထံသို့ ချက်ချင်း အကြောင်းကြားရန် ကတိပြုအပ်ပါသည်။**

## VII. တိုးတက်မှုရှိရေး ရှေးရှုသော စောင့်ကြည့်စစ်ဆေးမှု

7.1. ထုတ်လုပ်သူများသည် ထုတ်လုပ်ရေး လုပ်ငန်းစဉ်အခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်သော ချဉ်းကပ်နည်းတစ်ခုတွင် ပါဝင်ပတ်သက်နေသူတို့နှင့် **၎င်းတို့၏မိတ်ဖက်များက** amfori BSCI ကျင့်ဝတ်လုပ်ထုံးအား လေ့လာထားကြောင်းကို **စောင့်ကြည့်စစ်ဆေးပါမည်။**

© မူပိုင်ခွင့် amfori 2017

7.2. ထုတ်လုပ်သူများသည် **ယုံကြည်မှုရှိသော ဆက်ဆံရေးများရှိခြင်း၏ အရေးပါမှု** ကို အသိအမှတ်ပြုပြီး မည်သည့် အချက်အလက်မဆိုအား အတုအပပြုလုပ်ခြင်းတွင် မပါဝင်ရန်၊ အထူးသဖြင့် amfori BSCI ကျင့်ဝတ်လုပ်ထုံးနှင့်အညီ လိုက်နာစောင့်ထိန်းရာတွင် ၎င်းတို့၏ လုပ်ရည်ကိုင်ရည်များအား စောင့်ကြည့်ရေးအတွက် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ အတုလုပ်ခြင်းတွင် မပါဝင်ရန် သိနားလည်ပါသည်။

7.3. ထုတ်လုပ်သူများသည် amfori BSCI စာရင်းစစ်မှုပြုလုပ်နေသည့် စာရင်းစစ်ကုမ္ပဏီတစ်ခုအား တစ်နည်းနည်းဖြင့်ကိုယ်စားပြုသော သို့မဟုတ် ကိုယ်စားပြုလုပ်ကိုင်နေသည့် တစ်သီးပုဂ္ဂလ စာရင်းစစ်များက **လိုအပ်သည့် စာရွက်စာတမ်းအထောက်အထား စုဆောင်းနိုင်ကြောင်း သဘောတူပါသည်။** ယင်းတွင် ၎င်းတို့၏ ထုတ်လုပ်ရေး စက်ရုံ(နေရာများ) အပြင် စာရင်းစစ်အတွက် **သက်ဆိုင်ရာ လုပ်ငန်းစာရွက်စာတမ်း မိတ္တူများသာမက အခြားအရာများပါဝင်သည်။**

7.4. ထုတ်လုပ်သူများသည် ထုတ်လုပ်သူဖက်က လွှမ်းမိုးမှုတစ်စုံတစ်ရာမရှိဘဲ လုပ်သားကိုယ်စားလှယ်များနှင့် စာရင်းစစ်များက လွတ်လပ်စွာရွေးချယ်ထားသည့် လုပ်သားများအား **လျှို့ဝှက်စွာ အင်တာဗျူးခြင်း** ပြုလုပ်နိုင်ကြောင်း သဘောတူပါသည်။

7.5. ထုတ်လုပ်သူများသည် **စာရင်းစစ်အချက်အလက်အားလုံးကို amfori BSCI ပလက်ဖောင်းတွင် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သဘောတူပါသည်။** ပလက်ဖောင်းသည် amfori BSCI ပါဝင်သူများကြားစာရင်းစစ် အစီရင်ခံစာများမျှဝေခွင့်ပြုသည်။

7.6. ထုတ်လုပ်သူများသည် amfori BSCI စာရင်းစစ်ဆေးမှုအတွင်း ၎င်းတို့စက်ရုံ၌ ကောက်ယူထားသည့်အချက်အလက်များကို **တတိယအဖွဲ့များနှင့် မျှဝေနိုင်ကြောင်း** (i) ယင်းမှာ amfori BSCI ၏မူဘောင်အတွင်းဖြစ်ပွားသရွေ့၊ (ii) အဆိုပါ ပြောင်းလွဲပေးမှုမှာ amfori/amfori BSCI နှင့်ဆက်စပ်သော လှုပ်ရှားမှုများ၏ကိုယ်စား သို့မဟုတ် ထောက်ပံ့ပေးမှုအတွက် လိုအပ်ကြောင်း နှင့်/သို့မဟုတ် (iii) ပြင်ပအဖွဲ့အစည်းများသည် ပံ့ပိုးထားသည့်အချက်အလက်ကို အတတ်နိုင်ဆုံး လေးစားမှုရှိစွာဖြင့် အသုံးပြုပြီး ဆက်စပ်ကိစ္စရပ်အတွက်သာလျှင် အသုံးပြုရမည်တို့အား သဘောတူညီပါသည်။

7.7. ထုတ်လုပ်သူများသည် amfori BSCI စာရင်းစစ်ခြင်းကို ၎င်းတို့၏ စက်ရုံတွင် ပြုလုပ်သည့်အခါ amfori BSCI စာရင်းစစ်များအား Witness Audit မှပြောင်းလဲပေးနိုင်ကြောင်း သဘောတူပါသည်။ Witness Audits သည် amfori BSCI စာရင်းစစ်များ စာရင်းစစ်ဆေးပေးသည့် စာရင်းစစ်များ/စာရင်းစစ်ကုမ္ပဏီများ၏ အရည်အသွေးကို အာမခံရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် ၎င်းတွင် ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည် သို့မဟုတ် စာရင်းစစ်ရလဒ်များတွင်

© မူပိုင်ခွင့် amfori 2017

မတော်တဆမှုများမရှိဘဲ ထုတ်လုပ်သူအတွက် အပိုဆောင်း ကုန်ကျမှု မရှိပေ။ တောင်းခံမှုရှိသည့်အခါ ထုတ်လုပ်သူများသည် ၎င်းတို့၏ amfori BSCI လူမှုရေး စာရင်းစစ်ကို သက်သေခံ စစ်ဆေးမှုများ (Witness Audit) တွင် ထည့်သွင်းပေးရမည်ဖြစ်ပြီး စက်ရုံအား လေ့လာစိစစ်ရန် အပိုဆောင်း စာရင်းစစ်များကို ခွင့်ပြုပေးရမည်ဖြစ်ကြောင်း သဘောတူပါသည်။

7.8. ထုတ်လုပ်သူများသည် ၎င်းတို့၏ ထုတ်လုပ်ရေးစက်ရုံနေရာများအား သက်သေခံ စစ်ဆေးမှုများ (Witness Audits)၊ ထပ်မံ စစ်ဆေးမှုများ (Duplicate Audits) နှင့် အသိမပေးထားသော ကျပန်းစစ်ဆေးမှုများ (Random Unannounced Checks (RUC)) သာမက အခြားအရာများကဲ့သို့သော **amfori BSCI ပေါင်းစည်းမှု အစီအစဉ်**၏ မူဘောင်တွင်း၌ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သဘောတူပါသည်။ RUC ရလဒ်များက ယခင်စာရင်းစစ်ရလဒ်များနှင့် ဆန့်ကျင်သော သဘောဖြင့် ကွဲလွဲမှုရှိသည့်အခါ၊ ထုတ်လုပ်သူသည် RUC ကုန်ကျစရိတ်အပြည့်ပေးရန် တာဝန်ရှိသည်။

________________________

*ကုမ္ပဏီကိုယ်စား ရေးထိုးသည့် လက်မှတ်*

________________________

*လက်မှတ်ရေးထိုးသည့် ရက်စွဲ*

________________________

*ကုမ္ပဏီ၏ အမည်*

________________________

*လူပုဂ္ဂိုလ်၏ အမည်*

© မူပိုင်ခွင့် amfori 2017